**YANGON AERODROME COMPANY LIMITED (YACL)**

**3rd Anniversary of Operation and Management at YIA**

Lotte Hotel 6 October 2018

**<u>ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား YACL မှ လွှဲပြောင်းတာဝန်ယူကာ ဝန်ဆောင်မှုပေးခဲ့သည့် (၃) နှစ်ပြည့်အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဒုဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်း ပြောကြားသည့် ကျေးဇူးတင်စကား</u>**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်

လေးစားအပ်ပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ယနေ့ကြွရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များ၊ ကျွန်မတို့ရဲ့ Tourism ထဲက Stakeholder များ၊ YACL ရဲ့ ဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုအဖွဲ့နဲ့ YACL က ကျွန်မတို့ရဲ့မောင်နှမတွေအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါရစေရှင်။

ပထမဆုံး ဒီ ကျွန်မတို့Yangon Aerodrome Company Limited (YACL) ရဲ့ သုံးနှစ်မြောက်အောင်မြင်ခြင်းခရီးစဉ်အတွက်ကို ကျွန်မတို့အနေနဲ့ ဂုဏ်ယူပါတယ်၊ ဝမ်းသာပါတယ်၊ Congratulations လုပ်ပါရစေ။ ကျွန်မဒီနေ့တော့ ကျွန်မတို့ရဲ့ Industry Stakeholder များရဲ့ ကိုယ်စား YACL ကိုကျေးဇူးတင်ကြောင်းလေးနည်းနည်းပြောပါရစေရှင်။

ကျွန်မတို့ မြန်မာပြည်ကိုလာကြတဲ့ ဧည့်သည်တော်များ Customer များ အားလုံးရဲ့ customer experience journey, customer တွေရဲ့တွေ့ကြုံရတဲ့ခရီးစဉ်တွေဟာ မြန်မာနိုင်ငံမှာ စပြီးတော့ ခြေချလိုက်တဲ့အချိန်ကနေ စပါတယ်။ မြန်မာနိုင်ငံကိုလာတဲ့ ခရီးသည်တော်တော်များများဟာ မြန်မာနိုင်ငံမှာ ဘာကို expect လုပ်ရမလဲ ဘယ်လိုကြုံတွေ့ရမလဲဆိုတာကို မမျှော်မှန်းတတ်ကြတဲ့လူတွေများပါတယ်။ ဆိုတော့ ရောက်တဲ့လူတွေအကုန်လုံးဟာ လေယာဉ်ပျံဆင်းလိုက်ပြီးတော့ ခြေချလိုက်တာနဲ့ ဒီ YACL ရဲ့ ရန်ကုန်လေဆိပ်ကနေပြီးတော့ ကောင်းမွန်တဲ့ Facility များ ကောင်းမွန်တဲ့ဝန်ဆောင်မှုများနဲ့ ကြုံဆိုတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့မေးကြည့်တိုင်းကို ခရီးသည်တွေ Customer တွေ အကုန်လုံးက အလွန်ကောင်းတဲ့ အတွေ့အကြုံတွေ ရပါတယ်လို့ ပြောလေ့ရှိပါတယ်။ တကယ်တော့ ကျွန်မတို့ Service Industry မှာ First Impression ဟာ Last impression ဖြစ်ပါတယ်။ ဆိုတော့ First impression တွေကိုပေးနေတဲ့ ကျွန်မတို့ဒီ ရန်ကုန်လေဆိပ်ရဲ့အဖွဲ့သားအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပထမဆုံးပြောလိုပါတယ်။

ကျွန်မတို့ YACL နဲ့တူတူ တစ်နှစ်ကို ၂ ခါလုပ်လေ့ရှိတဲ့ World Routes, Asia Routes လို့ခေါ်တဲ့ Airport တွေ ရယ် Airlines တွေရယ် တွေ့ကြဆုံကြပြီးတော့ ခရီးစဉ်အသစ်တွေကို ပျံဖို့အတွက်ကို ပြောကြဆိုကြ ရောင်းကြဝယ်ကြ လုပ်ကြတဲ့ ပွဲတွေကို YACL နဲ့တူတူသွားဖူးပါတယ်။ သွားတဲ့အခါမှာ ကျွန်မကိုယ်တိုင်လည်း ဥက္ကဋ္ဌ တို့အဖွဲ့နဲ့ Chengdu တစ်ခါရောက်ခဲ့ဖူးပါတယ်။ ရောက်တဲ့အခါမှာ တွေ့ရတာက ဒီ YACL အဖွဲ့သားတွေ အားလုံးဟာ မြန်မာနိုင်ငံ Destination ကို တကယ့်ကို dedicated ဖြစ်ပြီးတော့ passion အပြည့်နဲ့မြန်မာနိုင်ငံကို တကယ်ကို Promote လုပ်ကြတာကို တွေ့ရပါတယ်။ အဲ့ဒီအတွက်လည်းအများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မတို့Tourism မှာ ဒီထက်ပိုပြီးတော့ တိုးတက်ဖို့ဆိုတာ Flights တွေအများကြီးလာဖို့လိုပါသေးတယ်။ အထူးသဖြင့်ကျွန်မတို့ Long-haul Flight တွေလိုပါသေးတယ်။ Long haul Flight တွေ မြန်မာပြည်ကိုဆက်ပြီးတော့ များများဆင်းဖို့အတွက် ကျွန်မတို့ ထပ်ပြီးတော့ ကြိုးစားကြဖို့ကိုလည်း ကျွန်မဒီနေရာကနေ ပြောလိုပါတယ်။ ကျွန်မတို့ Myanmar Tourism Federation မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က အစိုး

ရမဟုတ်သော Profit အတွက်မဟုတ်သော အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်မတို့ အဖွဲ့အစည်းမှာဆိုရင် ကျွန်မတို့ရဲ့ sister အဖွဲ့အစည်း ၁၁ ခုနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အားလုံးဟာလည်း ဒီ Tourism stakeholder များနဲ့ ဖွဲ့စည်းထားကြတာ ဖြစ်ပါတယ်။ ဆိုတော့ ခုနတုန်းကပြောသွားတဲ့ YACL သည်လည်း မြန်မာနိုင်ငံရဲ့ Tourism ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ကျွန်မတို့ Myanmar Tourism Federation နဲ့ လက်တွဲပြီးတော့ လုပ်သွားမယ်လို့ပြောတဲ့အတွက်ကြောင့်မို့လို့ ကျွန်မ အနေနဲ့ Myanmar Tourism Federation ရဲ့ကိုယ်စား Stakeholder များရဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်ရှင်။ နောက် YACL လည်း ဒီထက်မက အဆပေါင်းများစွာ အောင်မြင်ဖို့အတွက်ရယ်၊ မြန်မာနိုင်ငံရဲ့ ခရီးသွားစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ရယ်၊ မြန်မာနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ဒီထက်ပိုပြီးတော့ အထောက်အပံ့ ပြုနိုင်ပါစေလို့ ဆုမွန်ကောင်းများလည်းတောင်းပေးရင်းနဲ့ ကျေးဇူးအများကြီးတင်ပါတယ်လို့ ကျွန်မပြောလို ပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်။